## မြက်သီး

Scientific name - *Echinochloa crus-galli* (L.) P. Beauv.

Common name - Barnyard grass

Family - Poaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်၍ အောက်ခြေတစ်နေရာတည်းမှ ဖြာထွက်သည်။ ပင်စည်သည် အထက်သို့ထောင်မတ်၍ ၃၀-၂၀၀ စင်တီမီတာအထိ ရှိသည်။ တုတ်ခိုင်၍ ရေမြုပ်သဖွယ်ပွနေသည်။ အရွက်သည် သေးသွယ်ရှည်လျား၍ထိပ်ချွန်သည်။ ပန်းခိုင်သည် ကိုင်းဖြာပန်းခိုင်အမျိုးအစားဖြစ်ပြီး အနှံငိုက်ပါသည်။ ခရမ်းရောင် တစ်ခါတစ်ရံအစိမ်းရောင်အဖြစ်လည်း တွေ့ရသည်။ ထပ်ဆင့်ပန်းခိုင် မြောက်မြားစွာပါရှိ၍ ချွန်ပြီးရင့်ပါက ပန်းခိုင်သည်ကြွဲသွားသည်။ အမြီးမပါ သို့မဟုတ် အမြီးရှိပါက အနီ သို့မဟုတ် ခရမ်းရောင်ရှိသည်။ ခွံစပ်တစ်စေ့သီးဖြစ်ပြီး ဥပုံ သို့မဟုတ် အလျားရှည်သော ထောင့်မှန်ပုံ တွေ့ရပြီး အညိုရင့်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။